# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 21, 2020 | Volume 35, Number 15


**၂၁.၉.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၅၂ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၂၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၂၈/- ကျပ် |
| CBM Rate | = ၁၃၁၈.၄ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၅၅.၄ ကျပ် |
| စင်ကာပူတစ်ဒေါ်လာ | = ၉၇၀.၈၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၉၄.၈ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၉၆၀.၁၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၄.၅၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၇.၉၃၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၃.၄၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၂၀.၁၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၂.၂၀၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## နိုင်ငံတော်ဗဟိုဘဏ်က နှစ်ပတ်ကျော်အတွင်း နိုင်ငံခြားငွေဈေးပြိုင်လေလံဖြင့် ဒေါ်လာ ၁၈ ဒသမ ၂ သန်းဝယ်ယူခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ စက်တင်ဘာ ၁၈ ရက်အထိ ဒေါ်လာ ၂၃၂ ဒသမ ၇ သန်းဝယ်ယူထား



နိုင်ငံတော်ဗဟိုဘဏ်က စက်တင်ဘာလ နှစ်ပတ်ကျော်အတွင်း နိုင်ငံခြားငွေဈေးပြိုင်လေလံဖြင့် ဒေါ်လာ ၁၈ ဒသမ ၂ သန်း ဝယ်ယူခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ စက်တင်ဘာ ၁၈ ရက်အထိ ဒေါ်လာ ၂၃၂ ဒသမ ၇ သန်း ဝယ်ယူထားကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော စာရင်းများအရသိရသည်။

နိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေဈေးပြိုင်လေလံမှတစ်ဆင့် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက်တွင် ဒေါ်လာ ၃ ဒသမ ၈ သန်း၊ စက်တင်ဘာ ၄ ရက်တွင် ဒေါ်လာ ၃ ဒသမ ၄ သန်း၊ စက်တင်ဘာ ၁၁ ရက်တွင် ဒေါ်လာ ၃ ဒသမ ၄ သန်း၊ စက်တင်ဘာ ၁၄ ရက်တွင် ဒေါ်လာ ၃ ဒသမ ၈ သန်း၊ စက်တင်ဘာ ၁၅ ရက်တွင် ဒေါ်လာ ၃ ဒသမ ၈ သန်း ဝယ်ယူခဲ့ခြင်းဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ဇူလိုင်အထိ လအလိုက် ရောင်းဝယ်မှုပမာဏများမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် ဒေါ်လာ ၃၉ ဒသမ ၅ သန်း၊ ဖေဖော်ဝါရီတွင် ဒေါ်လာ ၃၁ ဒသမ ၅ သန်း၊ မတ်တွင် ဒေါ်လာ ၂၁ သန်း၊ မေတွင် ဒေါ်လာ ၁၆ ဒသမ ၇ သန်း၊ ဇွန်တွင် ၃၉ ဒသမ ၁ သန်း၊ ဇူလိုင်တွင် ဒေါ်လာ ၃၁ ဒသမ ၁ သန်း၊ သြဂုတ်တွင် ဒေါ်လာ ၃၅ ဒသမ ၆ သန်း၊ စက်တင်ဘာ ၁ ရက်မှ ၁၈ ရက်အတွင်း ဒေါ်လာ ၁၈ ဒသမ ၂ သန်း ဝယ်ယူခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဧပြီတွင် ဒေါ်လာ ၂ ဒသမ ၇ သန်း ပြန်လည်ရောင်းချခဲ့ခြင်းဖြစ်သည်။ ကာလတိုအတွင်း နိုင်ငံခြားငွေ လဲလှယ်နှုန်းအတက်၊ အကျကြီးမားခြင်းကို လျော့နည်းစေရန်နှင့် နိုင်ငံခြားသုံးသီးသန့် အရန်ငွေဖြည့်တင်းရန် နိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေဈေးပြိုင်လေလံဖွင့်လှစ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ဇူလိုင် ၂၄ ရက်တွင် အသိပေးကြေညာချက်ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၎င်း၏နိုင်ငံခြားသုံးငွေလုပ်ငန်း (Foreign Exchange Operation) ရည်ရွယ်ချက်များဖြစ်သော ကာလတိုအတွင်း နိုင်ငံခြားငွေ လဲလှယ်နှုန်းအတက်၊ အကျကြီးမားခြင်းကို လျော့နည်းစေရန်နှင့် နိုင်ငံတော်၏ နိုင်ငံခြားသုံးသီးသန့်အရန်ငွေဖြည့်တင်းရန် အချက်နှစ်ချက်အား အကောင်အထည်ဖော်ရန်အတွက် စည်းမျဉ်းအခြေခံသည့် နိုင်ငံခြားငွေဈေးပြိုင်လေလံအား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဈေးပြိုင်လေလံအတွက် စည်းမျဉ်း၊ ညွှန်ကြားချက်များချမှတ်ထားပြီး အဆိုပါစည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ နိုင်ငံခြားငွေဈေးပြိုင်လေလံတွင်ပါဝင်သည့် နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင် (Authorized Dealer-AD) ရ ဘဏ်များဖြစ်သော နိုင်ငံပိုင်ဘဏ်သုံးဘဏ်၊ ပြည်တွင်းပုဂ္ဂလိကဘဏ် ၁၉ ဘဏ်နှင့် နိုင်ငံခြားဘဏ် ဘဏ်ခွဲ ၁၃ ဘဏ်တို့ဖြင့် နိုင်ငံခြားငွေဝယ်ခြင်း၊ ရောင်းခြင်းတို့ကို ဆောင်ရွက်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နိုင်ငံခြားသုံးငွေလုပ်ငန်းဆောင်ရွက်ချက်များမှာ ကာလတိုအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်၊ အကျကြီးမားခြင်းကို လျော့နည်းစေရန် အလုပ်လုပ်ရက်တစ်ရက်ရှိ မြန်မာကျပ်ငွေနှင့် အမေရိကန်တစ်ဒေါ်လာ၏ ငွေလဲလှယ်နှုန်းနှင့် ယခင်ရက်ရည်ညွှန်းငွေလဲလှယ်နှုန်းတို့ကိုနှိုင်းယှဉ်ခြင်း၊ ယင်းသို့နှိုင်းယှဉ်ချက်အရ မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းသည့် ရာခိုင်နှုန်းသည် ချမှတ်ထားသည့် စည်းမျဉ်းများအရ သတ်မှတ်ချက်ထက်ကျော်လွန်လျှင် နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာရောင်းချရန် ဈေးပြိုင်လေလံကို ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ မြန်မာကျပ်ငွေတန်ဖိုး မြင့်တက်သည့်ရာခိုင်နှုန်းသည် ချမှတ်ထားသည့် စည်းမျဉ်းများအရ သတ်မှတ်ချက်ထက်ကျော်လွန်လျှင် နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ) ဝယ်ယူရန် ဈေးပြိုင်လေလံကို ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ နိုင်ငံတော်၏ နိုင်ငံခြားသုံးသီးသန့်အရန်ငွေကိုဖြည့်တင်းရန် အလုပ်လုပ်ရက်တစ်ရက်၏ ငွေလဲလှယ်နှုန်းအား ပြီးခဲ့သည့်ရက်ပေါင်း ၂၀ အတွင်း၌ဖြစ်ပေါ်သည့် ပျမ်းမျှမြန်မာကျပ်ငွေနှင့် အမေရိကန် တစ်ဒေါ်လာ လဲလှယ်နှုန်းနှင့်နှိုင်းယှဉ်ခြင်း၊ ယင်းသို့နှိုင်းယှဉ်ချက်အရ မြန်မာကျပ်ငွေတန်ဖိုး မြင့်တက်သည့် ရာခိုင်နှုန်းသည် ချမှတ်ထားသည့် စည်းမျဉ်းများအရ သတ်မှတ်ချက်ထက်ကျော်လွန်လျှင် နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ) ဝယ်ယူရန် ဈေးပြိုင်လေလံကို ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ဈေးပြိုင်လေလံတွင် ဗဟိုဘဏ်ကကြေညာထားသည့် အမြင့်ဆုံးလဲလှယ်နှုန်းနှင့် အနိမ့်ဆုံးလဲလှယ်နှုန်း အကြား AD ဘဏ်များက တင်ပြသည့် နိုင်ငံခြားငွေဝယ်ယူရန်၊ ရောင်းချရန်တင်ပြချက်များကို Refinitiy (ယခင် Thomson Reuters) ၏ လေလံအရောင်းအဝယ်စနစ် (Real Time Dealing Platform) ကိုအသုံးပြု၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဝယ်ယူ၊ ရောင်းချခြင်းဖြစ်သည်။

အဆိုပါဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေ ဈေးပြိုင်လေလံ ဖွင့်လှစ်ဆောင်နေခြင်းမှာ ကာလတိုအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်၊ အကျကြီးမားခြင်းကို လျော့နည်းစေရန်နှင့် နိုင်ငံခြားသုံးသီးသန့်အရန်ငွေဖြည့်တင်းရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖွင့်လှစ်ဆောင်ရွက်နေသည့် နိုင်ငံခြားငွေ ဈေးပြိုင်လေလံသည် ငွေလဲလှယ်နှုန်းကို နှုန်းထားတစ်ရပ်တွင် ရှိနေစေရန်ဖြစ်စေ၊ မြန်မာကျပ်ငွေတန်ဖိုး မြင့်တက်စေရန်ဖြစ်စေ သို့မဟုတ် ကျဆင်းစေရန်ဖြစ်စေ ရည်ရွယ်ဆောင်ရွက်ခြင်းမဟုတ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိပေးကြေညာချက် ထုတ်ပြန်ထားသည်။

**Source:** https://news-eleven.com/article/192955

## တာချီလိတ် – မယ်ဆိုင်ကြား ပြေးဆွဲခွင့်ရ မြန်မာမော်တော်ယာဉ် (၆)စီးဖြင့် ဈေးတွင်ဖြန့်မည့် အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များ အချိန်မီသယ်ယူနိုင်ရန် သက်ဆိုင်ရာက စီစဉ်ကြီးကြပ်ပေးနေ




| စဉ် | ယာဉ်အမှတ် | ယာဉ်ပိုင်ရှင်အမည် | ယာဉ်အမျိုးအစား |
|---|---|---|---|
| ၁ | 9N - 8398 | ဒေါ်ချို | အနိစာတုံး |
| ၂ | 7L - 6597 | ဦးကိုလေး | အနိစာတုံး |
| ၃ | 8I - 9966 | ဦးစိုင်းဟန်လင်း | ရေခဲမုန့်ကား |
| ၄ | 4C - 6379 | ဦးကြည်မြင့် | ရေခဲသယ်ကား |
| ၅ | 2C - 8702 | ဦးကြည်မြင့် | ရေခဲသယ်ကား |
| ၆ | 6Q - 6140 | ဘိုဘိုကျော် | ရေခဲသယ်ကား |



မြန်မာ – ထိုင်းနယ်စပ်ဒေသ၊ တာချီလိတ်နှင့် မယ်ဆိုင်ကြား ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ (၁၇) ရက်နေ့မှစ၍ နှစ်နိုင်ငံ ကုန်တင်ယာဉ် (၆)စီးစီဖြင့်သာ ကုန်သွယ်နေသော်လည်း တာချီလိတ်မြို့တွင်းရှိ ဈေးများ၌ အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များ အချိန်မီရောက်ရှိစေရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက ကြီးကြပ်ဆောင်ရွက်ပေးနေရကြောင်းသိရသည်။

တာချီလိတ်နှင့်မယ်ဆိုင်ကြား ကုန်စည်ပို့ဆောင်ရေးအတွက် တစ်နိုင်ငံလျှင် ကားအစီးရေ (၆) စီးသာ ဖြတ်သန်းရန် စတင်သတ်မှတ်လိုက်သည့် စက်တင်ဘာလ (၁၇) ရက်နေ့၌ တံတားစဖွင့်သည့် နံနက်(၆)နာရီ၌ မယ်ဆိုင်ဘက်မှ ဝင်ခွင့်ရကား (၆)စီးမှာ ချက်ချင်းဝင်လာနိုင်ကြသော်လည်း မြန်မာဘက်မှ ထွက်ခွာခွင့်ရ ကား (၆)စီးက နံနက် (၈)နာရီခန့်မှသာရောက်လာ၍ တာချီလိတ်ဈေးများတွင် ဖြန့်ဖြူးရမည့် သားငါး၊ ဟင်းသီးဟင်းရွက်များကို

မယ်ဆိုင်ဘက်မှဝင်လာသည့်ကားများအား အကူအညီတောင်းကာ သယ်ယူခဲ့ရသဖြင့် မြန်မာကားများ ပစ္စည်းသယ်ယူခြင်းကို သက်ဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ခဲ့ရခြင်းဖြစ်သည်။ "မြန်မာဘက်က သွားတဲ့ကား (၆) စီးက ပထမအခေါက်မှာ အသား၊ ငါးနဲ့ အသီး၊ အရွက်တွေကို ဦးစားပေး သယ်ယူဖို့ ညှိနှိုင်းပေးလိုက်ပါတယ်။ ကျန်တဲ့နေ့ခင်းအခေါက်တွေမှာ သွားတဲ့အချိန်မှာ သူတို့ အဆင်ပြေတာသယ်ယူဖို့ စီစဉ်ပေးလိုက်ပါတယ်။ ထို့အတူပဲ ထိုင်းနိုင်ငံဘက်ကလည်း စက်သုံးဆီတို့၊ အိမ်ဆောက်ပစ္စည်းတို့ အခြားသောကုန်ပစ္စည်းတွေ သယ်ယူချင်တယ်ဆိုတော့ ဝင်လာတဲ့ကား (၆) စီးထဲမှာ အချိုးမျှတစွာပါဖို့ ထိုင်းနိုင်ငံဘက်ကို စီစဉ်ဖို့ ကျွန်တော် ညှိနှိုင်းပေးလိုက်တယ်"ဟု တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က တာချီလိတ်သတင်းအေဂျင်စီသို့ ပြောသည်။ မယ်ဆိုင်ဘက်က ဝင်ခွင့်ပြုထားသည့် မြန်မာမော်တော်ယာဉ် (၆)စီးက မိမိတို့ကုန်ပစ္စည်းများကိုသာ အဓိကထားသယ်ယူနေ၍ ကုန်စိမ်းပစ္စည်းနှင့် သားငါးများအား ဦးစားပေးသယ်ယူပြီးမှ အခြားကုန်ပစ္စည်းများ သယ်ယူစေရန် တာချီလိတ်မှတာဝန်ရှိသူများက မော်တော်ယာဉ် (၆)စီးအား မောင်းနှင်သူများကို စက်တင်ဘာလ (၁၉)ရက်နေ့၌ စီစဉ်ကြီးကြပ်ပေးထားခြင်းဖြစ်သည်။

မော်တော်ယာဉ် (၆) စီးစီ စတင်ဝင်ခွင့်ပြုသည့် စက်တင်ဘာလ (၁၇) ရက်နေ့၌ မယ်ဆိုင်ဘက်မှ အသီးအရွက်နှင့် အသားငါး တင်သည့် မှန်လုံမော်တော်ယာဉ်ငယ် (၆) စီး၊ စက်တင်ဘာလ (၁၈)ရက်နေ့တွင်လည်း မှန်လုံမော်တော်ယာဉ်ငယ် (၆)စီးနှင့် စက်တင်ဘာလ (၁၉) ရက်နေ့တွင် စက်သုံးဆီတင်ယာဉ် (၂) စီး၊ အိမ်ဆောက်ပစ္စည်းယာဉ် (၂) စီးနှင့်မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းတင်ဆောင်လာသည့် ယာဉ် (၂) စီးဝင်ရောက်ခဲ့သည်။

**Source:** https://www.tachileik.net/2020/09/KK2.html

## COVID-19 ဒုတိယလှိုင်းတွင် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းနှစ်ခုရပ်ဆိုင်း



COVID-19 ကပ်ရောဂါ ဒုတိယလှိုင်းကူးစက်မှုကြုံနေရချိန်တွင် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း နှစ်ခုတွင် ကုန်သွယ်မှုလုပ်ငန်းများ ရပ်ဆိုင်းခဲ့သည်။ ရွှေလီတွင် COVID-19 ကူးစက်ခံရသူနှစ်ဦး တွေ့ရှိပြီးနောက် မြို့ကို Lockdown ချလိုက်သဖြင့် မူဆယ်-ရွှေလီနယ်စပ်ကုန်သွယ်ရေး စက်တင်ဘာ ၁၅ ရက်တွင် ရပ်ဆိုင်းခဲ့သည်။ ထို့အပြင် COVID-19 ကူးစက်မှုတားဆီးရေးအတွက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ရေး အဖွဲ့က ချင်းရွှေဟော်ကို ကုန်တင်ယာဉ်များ ဖြတ်သန်းခွင့်မပြုသဖြင့် ကုန်သွယ်ရေး လုပ်ငန်းများ ရပ်တန့်ခဲ့သည်။

မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်တွင် ကုန်သွယ်ရေးလမ်းကြောင်းလေးခုဖွင့်လှစ်ထားပြီး ရှမ်းပြည်နယ်မှမူဆယ်၊ ချင်းရွှေဟော်နှင့် ကချင်ပြည်နယ်မှ ကန်ပိုက်တီ၊ လွယ်ဂျယ်တို့ဖြစ်သည်။ လက်ရှိတွင် ကန်ပိုက်တီနှင့်လွယ်ဂျယ် ကုန်သွယ်ရေး လမ်းကြောင်းများ ပုံမှန်နီးပါးလုပ်ကိုင်နေသည်။ COVID-19 ကပ်ရောဂါကြောင့် နယ်စပ်ကုန်သွယ်ရေး အခက်အခဲက မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများသာမက မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင်လည်း စတင်ကြုံတွေ့နေရသည်။ တာချီလိတ်-မယ်ဆိုင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် တစ်ရက်လျှင် ကားခြောက်စီးသာ နှစ်နိုင်ငံ အပြန်အလှန်ခွင့်ပြုခြင်းကြောင့် ကုန်သွယ်မှုတုံ့နှေးခဲ့သည်။ ''ကန့်သတ်မှုတွေကတော့ ကုန်သွယ်မှုကိုထိခိုက်စေပါတယ်'' ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်ကပြောသည်။

မူဆယ်-ရွှေလီ နယ်စပ်ကုန်သွယ်ရေးရပ်တန့်မှုကြောင့် မြန်မာနိုင်ငံမှတင်ပို့နေသည့် ဆန်အပါအဝင် လယ်ယာထွက်ကုန်များ၊ ရေထွက်ကုန်တင်ပို့မှုအပြင် တရုတ်နိုင်ငံမှတင်သွင်းနေသော လူသုံးကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံးသွင်းအားစုများ အပါအဝင် သွင်းကုန်လုပ်ငန်းများအတွက် ထိခိုက်မှုကြုံခဲ့ရသည်။ လက်ရှိတွင် ရွှေလီမြို့၌ တရုတ်အစိုးရက မြို့နေထိုင်သူများကို အရှိန် အဟုန်ဖြင့် စစ်ဆေးနေခြင်းကြောင့် မူဆယ်-ရွှေလီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းကို သတ်မှတ်ချိန်ထက်စောပြီး ပြန်လည် လုပ်ကိုင်နိုင်မည်ဟု မူဆယ်မြို့မှ ကုန်သည်များက ခန့်မှန်းသည်။ ''လာမယ့် အင်္ဂါနေ့လောက်တော့ ပြန်ဖွင့်မယ်ထင်တယ်။ သူတို့ဘက်က ကျန်းမာရေးစစ်ဆေးတာ ၂၄ နာရီ အင်န်နဲ့အားနဲ့ကိုလုပ်နေပါတယ်'' ဟု မူဆယ်ဆန်ကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းကပြောသည်။

ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင်လည်း စက်တင်ဘာ ၁၈ ရက်မှ ၂၂ ရက်အထိ ကုန်တင်ယာဉ် ဝင်ရောက်ခွင့်မပြုကြောင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ရေးအဖွဲ့က စာထုတ်ပြန်ထားသည်။ တရားမဝင်လမ်းကြောင်းမှ ဝင်ရောက်လာသည်ကို စစ်ဆေးတွေ့ရှိပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေနှင့်အညီ ထိထိရောက်ရောက် တရားစွဲဆိုမည်ဟုဖော်ပြထားသည်။ COVID-19 ကူးစက်သူနှစ်ဦးတွေ့ရှိပြီးနောက် ရွှေလီမြို့ကို Lockdown ချထားသဖြင့် မူဆယ်-ရွှေလီ နယ်စပ်ကုန်သွယ်ရေးရပ်ဆိုင်းနေချိန် ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ထပ်မံရပ်ဆိုင်းခြင်းက ကုန်သည်များအတွက် အခက်အခဲတစ်ခုဖြစ်လာသည်ဟု ချင်းရွှေ ဟော်နယ်စပ်မှ ကုန်သည်တစ်ဦးကဆိုသည်။

ယခုဘဏ္ဍာနှစ်အတွင်း မူဆယ်-ရွှေလီ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ကုန်သွယ်မှုတန်ဖိုး ဒေါ်လာ ၄ဒသမ ၅ ဘီလီယံကျော်ရှိပြီး ချင်းရွှေဟော်-မိန်းတန် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ကုန်သွယ်မှုတန်ဖိုး ဒေါ်လာ သန်း ၅၀၀ ကျော် ကုန်သွယ်ထားသည်။

**Source:** https://7day.news/detail?id=199626

## ကျောက်မျက်အရိုင်း၊ အချောရောင်းဝယ်ခြင်းလုပ်ငန်း လိုင်စင်သက်တမ်းတိုးမြှင့်လျှောက်လွှာတင်သွင်းရန် ကြေညာ

ကျောက်မျက်အချောထည်၊ လက်ဝတ်ရတနာနှင့်ရုပ်တုရုပ်ထွင်းများ ပြုလုပ်ခြင်းအပါအဝင် ကျောက်မျက်အရိုင်း၊ အချောရောင်းဝယ်ခြင်းလုပ်ငန်းလိုင်စင်များ သက်တမ်းတိုးမြှင့်ခွင့် လျှောက်လွှာတင်သွင်းရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက စက်တင်ဘာ ၁၉ ရက်တွင် ကြေညာသည်။ ယခုနှစ်အတွက် ခွင့်ပြုထားသော ယင်းလုပ်ငန်းလိုင်စင် ရရှိထားသူများသည် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်အသစ်ကို သက်တမ်းမကုန်ဆုံးမီ သုံးလကြိုတင်၍ ထပ်မံလျှောက်ထားရမည်ဖြစ်သည်။

သက်တမ်းတိုးဆောင်ရွက်ခြင်းကို အနည်းဆုံး တစ်လကြိုတင်ဆောင်ရွက်ရမည်ဖြစ်ကာ လုပ်ငန်းရပ်စဲလိုလျှင် လိုင်စင်သက်တမ်းမကုန်ဆုံးမီ တစ်လကြိုတင်၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသို့ အကြောင်းကြားရမည်ဖြစ်သည်။ "လုပ်ကွက်တွေမပါဘူး။ သက်တမ်းတိုးတာကို ပုံမှန်အတိုင်း ဆောင်ရွက်လို့ရတယ်ဆိုတာ အသိပေးတာ။ အဲဒီထဲမှာ ကျောက်မျက်ဆိုင်တွေရယ်၊ ပြပွဲတွေမှာ ပြသရောင်းချတဲ့သူတွေပါတယ်"ဟု မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးသန်းဇော်ဦးကပြောသည်။ လာမည့်နှစ်အတွက် လိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (နေပြည်တော်)၊ ရန်ကုန်ပြတိုက်ဌာန၊ မန္တလေးစခန်းရုံး၊ မိုးကုတ် တူးဖော်ရေးဌာန၊ မိုင်းရှူးတူးဖော် ရေးဌာန၊ လုံးခင်း(ဖားကန့်)တူးဖော်ရေးဌာနနှင့် မြစ်ကြီးနားစခန်းရုံးများ၌ ဆောင်ရွက်ရမည်ဖြစ်သည်။

လုပ်ငန်းလိုင်စင်ပြန်အပ်လိုသူများသည် လိုင်စင်ရယူစဉ်က ထုတ်ယူထားသော အရောင်းပြေစာများ စာရင်းရှင်းအပ်နှံခြင်းကို တစ်လကြိုတင် ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်သည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ အချက်အလက်များအရ ကျောက်မျက်ရတနာရောင်းဝယ်မှုများ အပါအဝင် ရတနာခွန်အဖြစ် ယခုဘဏ္ဍာနှစ် ဇူလိုင်လကုန်အထိ ကျပ်ဘီလီယံ ၁၀ ကျော် ရရှိထားသည်။

**Source:** https://7day.news/detail?id=199628

## ဝါးခမောက်ရက်လုပ်ငန်းလုပ်ကိုင်သူများ မိသားစုပုံမှန်ဝင်ငွေရရှိ



စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ခပ်ချိုကျေးရွာရှိ ဒေသခံပြည်သူများအနေဖြင့် တောင်သူလယ်ယာလုပ်ငန်းအပြင် မိရိုးဖလာဝါးနှီး အသုံးပြု၍ ရက်လုပ်သော ခမောက်ရက်လုပ်ငန်းကို တစ်ပိုင်တစ်နိုင် ပြုလုပ်လျက်ရှိရာ မိသားစုဝင်ငွေရရှိပြီး အဆင်ပြေလျက်ရှိကြောင်းသိရသည်။ "ခမောက်တစ်ချပ် ရက်လုပ်ဖို့ဆိုရင် တင်းဝါးတစ်လုံးကို ငွေကျပ် ၅၀၀ နဲ့ဝယ်ပြီး အရင်ဆုံးရေစိမ်ရပါတယ်။ ရေစိမ်ပြီးရင် နှီးဖြာရပါတယ်။ ဖြာပြီးတဲ့နှီးကို ခမောက်ရက်ရပါတယ်။ နှီးဖြာပြီးသားဆိုရင်တော့ တစ်ရက်ကိုတစ်ချပ်ရပါတယ်။ နှီးဖြာပြီးသားမရှိရင်တော့ နှစ်ရက်မှတစ်ချပ်ရပါတယ်။ ခမောက်ကတော့ အစောက်၊ အပြန့်ဆိုပြီး နှစ်မျိုး

ရက်ပါတယ်။ ရက်ပြီးသား ခမောက်တွေကိုတော့ အိမ်မှာတင် တစ်ချပ်ကိုငွေကျပ် ၅၀၀ မှ ၁၃၀၀ အထိ ရောင်းရပါတယ်။ အခုလို အိမ်မှာတင် တစ်ပိုင်တစ်နိုင်လုပ်ငန်းလုပ်ကိုင်နေရတဲ့ မိသားစုအတွက် အဆင်ပြေပါတယ်”ဟု ခပ်ချိုကျေးရွာမှ ခမောက်ရက်လုပ်သူ မသန္တာဌေးက ပြောသည်။

“ကျွန်မကတော့ ကျေးရွာမှရက်လုပ်တဲ့ ခမောက်ကုန်ကြမ်းတွေကိုဝယ်တယ်။ ဝယ်ပြီးသား ခမောက်တွေကို ဆေးသုတ်၊ ဆေးခြယ်ပြုလုပ်ပြီးတော့ တစ်ဆင့်ပြန်ရောင်းတဲ့လုပ်ငန်းကိုလုပ်ပါတယ်။ ခမောက်အချပ်၁၀၀ စီတန်းပြီးတော့ နန့်စီးအောင်၊ မော်လူး၊ ကသာ၊ မိုးညှင်း၊ မြစ်ကြီးနား၊ ဟိုပင်အစရှိတဲ့ မြို့တွေကိုပို့ပါတယ်။ ခမောက်ရေအချပ် ၁၀၀ တန်းကို ငွေကျပ် ၁၀၀၀၀ လောက် ကိုယ့်အတွက် ကျန်ပါတယ်။ အခုအချိန်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲတော့ ပို့ရတဲ့နေရာမှာ နည်းနည်းတော့ အခက်အခဲရှိပါတယ်”ဟု ခပ်ချိုကျေးရွာမှ တစ်ပိုင်တစ်နိုင် ခမောက်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်နေသူ ဒေါ်ရီစိန်က ပြောသည်။

ခပ်ချိုကျေးရွာ၌ အိမ်ခြေ ၉၄ အိမ်၊ လူဦးရေ ၄၇၀ ကျော်နေထိုင်လျက်ရှိပြီး ခမောက်ရက်လုပ်ငန်း၊ ဖျာရက်လုပ်ငန်းစသည့် လုပ်ငန်းများကို တစ်ရွာလုံးနီးပါး တစ်ပိုင်တစ်နိုင်လုပ်ကိုင်၍ မိသားစုပုံမှန်ဝင်ငွေရရှိအောင် ဖော်ဆောင်လျက်ရှိကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/2037

## ဘင်္ဂလားဒေ့ရှ်က အဝယ်လိုက်နေ၍ ဆိပ်ဖြူတွင် ကြက်သွန်နီ ၁ ပိဿာ ကျပ် ၃၀၀ ကျော်မြင့်တက်



ဘင်္ဂလားဒေ့ရှ်ဘက်က အဝယ်လိုက်နေတာကြောင့် တပတ်အတွင်း ကြက်သွန်နီ ၁ ပိဿာကို ကျပ် ၃၀၀ ကျော် မြင့်တက်လာတယ်လို့ ဆိပ်ဖြူမြို့နယ်က ကြက်သွန်ကုန်စည်ဒိုင် တာဝန်ရှိသူတဦးကပြောပါတယ်။ “ဘင်္ဂလားဘက်က ဝယ်လက်ဆင်းတယ်လို့တော့သိရတယ်၊ အဲဒါကြောင့်လည်း ဈေးတက်တာ။ ကုန်စည်ဒိုင်က ပိတ်ထားလို့ ကုန်ချိန်တော့ တစ်ရက်ဘယ်လောက်ထွက်နေလဲ တိတိကျကျမသိရဘူး။ ပွဲစားတွေကများတော့ ရွာတွေအထိဆင်းဝယ်နေကြတာ။” မကွေးတိုင်း၊ ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်က ကြက်သွန်ကုန်စည်ဒိုင်ကို ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေအရ စက်တင်ဘာ ၁၃ ရက်နေ့က စတင်ပိတ်ထားတာပါ။

စက်တင်ဘာ ၁၂ ရက်နေ့က အမြင့်ဆုံးဈေး ကြက်သွန်နီ တစ်ပိဿာ ၄၂၅ ကျပ်သာရှိခဲ့ပေမဲ့ စက်တင်ဘာ ၁၇ ရက်နေ့မှာ ၆၀၀ ကျပ်၊ စက်တင်ဘာ ၁၈ ရက်နေ့မှာ ၇၅၀ အထိ မြင့်တက်လာခဲ့တာပါ။ ကြက်သွန်ပွဲရုံ လုပ်ငန်းရှင် ဦးသိန်းဝင်းက “ဒီကနေ ရန်ကုန်ဘက်ကိုတင်နေတာ၊ ဒီနေ့အနေနဲ့ဆိုရင်တော့ ဆိပ်ဖြူကနေ ကားဆယ်စီးလောက်တော့ ထွက်နိုင်မယ်ထင်တယ်” လို့ ပြောပါတယ်။ ဆိပ်ဖြူကြက်သွန်ဈေးဟာ ကိုဗစ် ၁၉ ကာလအတွင်း ငြိမ်သက်နေပြီးတော့ အခုရက်ပိုင်းမှာ ပြန်လည်လှုပ်ခတ်တာလို့ဆိုပါတယ်။

**Source:** http://burmese.dvb.no/archives/411363

## ကျောက်ဖြူအထူးစီးပွားရေးဇုန်တည်ဆောက်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်းကောက်ယူနေပြီး သဘောတူလက်မှတ်ထိုးနိုင်ရေး ညှိနှိုင်းနေဆဲဟုဆို

ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းတည်ဆောက်ရေး သဘောတူညီချက်အတွက်ညှိနှိုင်းနေပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှု စစ်တမ်းကောက်ယူနေသည်ဟု ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးရီဝင်းက ပြောသည်။ သန္တိအုပ်ချုပ်စီမံမှုအဖွဲ့က စက်တင်ဘာ ၁၇ ရက်တွင် ကျင်းပသည့် ‘အထူးစီးပွားရေးဇုန်များနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု’ (Special Economic Zones and Economic Development) ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးမှုတွင် ဦးရီဝင်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်အကောင်အထည်ဖော်ရေးအတွက် သဘောတူညီမှုနှစ်ခု လက်မှတ်ရေးထိုးရမည်ဖြစ်ပြီး ရှယ်ယာခွဲဝေမှုသဘောတူညီမှုကို လက်မှတ်ရေးထိုးပြီးဖြစ်သည်ဟု ၎င်းကဆိုသည်။ ''စီမံကိန်းဖြစ်နိုင်ခြေစစ် တမ်းတွေ မရှိသေးဘဲ လုပ်လို့မရပါဘူး။ အဲဒီအပေါ်တွေမှာမူတည်ပြီး ပြောင်းလဲနိုင်သေးတယ်။ စီမံကိန်းအရွယ်အစားရော၊ ကုန်ကျ စရိတ်အများကြီးဖြစ်သေးတာရော။ စစ်တမ်းတွေလုပ်ဖို့ ၁၅ လ လောက်အချိန်ယူရဦးမယ်။ ထွက်လာမှ သေချာပြန်သုံးသပ် ရဦးမယ်'' ဟု ဦးရီဝင်းကပြောသည်။ တရုတ် CITIC ကုမ္ပဏီက ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်ကို လုပ်ကိုင်ခွင့်ရမည်ဖြစ်သည်။ ရေနက်ဆိပ်ကမ်းတွင် မဒေးကျွန်း၌ မီတာ ၂,၅၀၀ အ ကျယ်နှင့်အနံ ၆၀၀ ရှိသည့် ဆိပ်ကမ်းနှင့် ရမ်းဗြဲကျွန်း၌ အကျယ် မီတာ ၁,၅၀၀ နှင့် အနံ ၆၀၀ ရှိ ဆိပ်ကမ်းတည်ဆောက်မည်ဖြစ် ပြီး စုစုပေါင်းမြေဧက ၆၀၀ အသုံးပြုမည်ဖြစ်သည်။

ထိုကျောက်ဖြူစီမံကိန်းနှင့်ချိတ်ဆက်ရန် တရုတ်နိုင်ငံက မြန်မာနိုင်ငံတွင် Y- ပြောင်းပြန် စီမံကိန်းကွင်းဆက်ကို အကောင် အထည်ဖော်မည်ဟု မှန်းဆထားကြောင်း ဦးရီဝင်းကဆိုသည်။ မူဆယ်မှနေပြည်တော်အထိ လမ်းကြောင်းရှိပြီး နေပြည်တော်မှ ကျောက်ဖြူနှင့် ရန်ကုန်ကိုလမ်းကြောင်းခွဲသွားမည်ဟုဆိုသည်။ ကျောက်ဖြူအထူးစီးပွားဇုန် အကောင်အထည်ဖော်ရန် တရုတ် ကုမ္ပဏီ CITIC က ၂၀၁၅ တွင် တင်ဒါအောင်မြင်ခဲ့ပြီး ရှယ်ယာသဘောတူညီမှုစာချုပ်ကို ၂၀၁၈ တွင် လက်မှတ်ရေးထိုးထား သည်။ ထိုသို့သဘောတူညီရန် မြန်မာအစိုးရနှင့် တရုတ်ကုမ္ပဏီကြား အချိန် ၂ နှစ်ခွဲကြာ ညှိနှိုင်းခဲ့ရသည်။ ထို့နောက် မြန်မာက အစုရှယ်ယာ ၃၀ ရာခိုင်နှုန်းနှင့် တရုတ်ကုမ္ပဏီက ရှယ်ယာ ၇၀ ရာခိုင်နှုန်းဖြင့် သဘောတူခဲ့ခြင်းဖြစ်သည်။

**Source:** https://7day.news/detail?id=199511

## ပြည်တွင်းလိုအပ်ချက်အရ ပြည်ပမှ စားအုန်းဆီတန်ချိန် ၃၉,၁၀၀ ခန့်အထိ ပိုမိုတင်သွင်းခဲ့ကြောင်းဆို



COVID-19 ကာလအတွင်း ပြည်တွင်းလိုအပ်ချက်ကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ယခင်ဘဏ္ဍာနှစ်ကထက် ပြည်ပမှ စားအုန်းဆီတန်ချိန် ၃၉,၁၀၀ ခန့်အထိ ပိုမိုတင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးမင်းမင်းက ဆင်ဟွာသို့ စက်တင်ဘာ ၁၉ ရက်တွင်ပြောသည်။

ပြည်ပမှ စားအုန်းဆီတန်ချိန် တင်သွင်းမှုမှာ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၀ပြည့်နှစ် စက်တင်ဘာ ၁၀ ရက်အထိ တန်ချိန် ၈၂၇,၆၀၀ ရှိခဲ့ကြောင်း၊ ပြီးခဲ့သည့်ကာလတူကာလ ၁၁ လကျော်တွင် တန်ချိန် ၇၈၈,၅၀၀ တင်သွင်း ခဲ့ကြောင်းသိရသည်။ "ပြီးခဲ့တဲ့နှစ်က အမေရိကန်ဒေါ်လာ သန်း ၄၅၀ ကျော်တင်သွင်းခဲ့တယ်။ ဒီနှစ်ကတော့ အမေရိကန်ဒေါ်လာ ၅၄၈ သန်း သွင်းခဲ့တာဆိုတော့ မနှစ်ကထက် ပိုများတယ်။ COVID-19 ဖြစ်ပွားမှု ရှိပေမယ့် ပြည်တွင်းစားသုံးမှု လိုအပ်ချက်အရ ဒီနှစ်က ပိုတင်သွင်းဖြစ်တာပါ'' ဟု ၎င်းကဖြည့်စွက်ပြောကြားသည်။

COVID-19 ကာလအတွင်း စားအုန်းဆီ ပိုမိုတင်သွင်းခဲ့သည့်အပြင် ပြည်တွင်း၌ ဖြစ်ပေါ်လာနိုင်သည့် အရေးပေါ်အခြေအနေ များတွင် အသုံးပြုနိုင်ရန် အရန်ဆီသိုလှောင်မှုများတွင်လည်း စားအုန်းဆီကို အရန်ဆီအဖြစ်လည်း သိုလှောင်ထားကြောင်း၊ ယင်းမှာ စားအုန်းဆီတင်သွင်းမှု ပိုများရခြင်း၏ အချက်တစ်ချက်ဖြစ်ကြောင်းသိရသည်။

Source: https://xinhuamyanmar.com/business/local/29581-2020-09-19-11-13-50

## ပွဲစားကုန်သည်စက်ပိုင်များ၊ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)ကို ယာယီပိတ်မည်

မန္တလေးခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ ၈၆ လမ်း၊ ၃၂ နှင့် ၃၃ လမ်းကြားရှိ ပွဲစားကုန်သည်စက်ပိုင်များ၊ မဟာကထိန်တော် အသင်း(မန္တလေးကုန်စည်ဒိုင်)ကို စက်တင်ဘာလ ၂၁ ရက်မှ အောက်တိုဘာလ ၁ ရက်ထိ ယာယီ ပိတ်သွားမည်ဖြစ် ကြောင်း မန္တလေးကုန်စည်ဒိုင်မှသိရသည်။ ယခုအခါ COVID-19 ရောဂါကူးစက်မှုနှုန်း မြင့်မားလာမှုကြောင့် အသင်းသူ၊ အသင်းသား များနှင့် ကိုယ် စားလှယ်များ၏ ကျန်းမာရေးကို ရှေးရှု၍ စက်တင်ဘာ ၁၉ ရက်နေ့တွင် အသင်းတိုက်ကြီး၌ ကျင်းပသော

အလုပ်အမှုဆောင်အစည်းအဝေး (၄/၈၆) ၏ ဆုံးဖြတ်ချက်အရ ယာယီပိတ်ရခြင်းဖြစ်ကြောင်းသိရသည်။ “ဒီနေ့မနက်မှာ ကျနော်တို့ ကုန်စည်ဒိုင်နဲ့အမြဲချိတ်နေရတဲ့ ၈၄ လမ်း ရိုးမဘဏ်က ပိုးတွေ့လူနာနဲ့ ဆက်စပ်တဲ့သူတွေ Quaratine ဝင်ရတယ်လို့ သိရတယ်ပေါ့၊ အဲဒီလို ကြားတဲ့အတွက် ကျနော်တို့ ကုန်စည်ဒိုင်ကနေ ရှိခဲ့ရင်လည်း နည်းအောင်လို့ ကျန်းမာရေးအခြေပြုပြီး ၁၁ ရက် ပိတ်လိုက်တာပါ”ဟု ပွဲစားကုန်သည် စက် ပိုင်များ၊ မဟာကထိန်တော်အသင်း မန္တလေးကုန်စည်ဒိုင် ဒုတိယ ဥက္ကဋ္ဌ ဦးချွန်က ပြောသည်။

မန္တလေးကုန်စည်ဒိုင် ယာယီပိတ်သိမ်းမှုကို သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများက ပိတ်သိမ်းခိုင်းခြင်းမျိုးမဟုတ်ဘဲ ရောဂါက ပျံ့နှံ့မှုများလာမှုနှင့်အတူ ကုန်စည်ဒိုင်ဖြင့် ချိတ်ဆက်နေသည့် ရိုးမဘဏ်ဝန်ထမ်းအချို့ Quaratine ဝင်ရောက်ခဲ့မှုနှင့်လည်း သက်ဆိုင်နေပြီး COVID-19 ရောဂါကာကွယ်ရေးအတွက် ကြိုတင်လုပ်ဆောင်ခြင်းကြောင်းသိရသည်။

“ပိုးတွေ့တာက AGD ဘဏ်က ပိုးတွေ့လူနာနဲ့ ထိစပ်တဲ့လူ ငွေလာကောက်သူက ရိုးမဘဏ်နဲ့ထိစပ်ခဲ့တယ်ဆိုပြီး ရိုးမဘဏ်က ဝန်ထမ်း ၃ ဦး ကွာရတင်းဝင်ရတယ်ဆိုပြီးသိရပါတယ်၊ အဲဒီတော့ ကျနော်တို့ အသင်းသားတွေကလည်း ဘဏ်တွေနဲ့ ဆက်စပ်နေရတာမို့ ဒိုင်အနေနဲ့က တစ်ရက်ကို လူ ၂၀၀ ကျော် လောက် အဝင်အထွက်ရှိနေတော့ ကျန်းမာရေး အတွက် ၁၀ ရက် ပိတ်ပေးလိုက်တာပါ”ဟု မန္တလေးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးချွန်က ဆက်လက်ပြောသည်။

ပွဲစားကုန်သည်စက်ပိုင်များ၊ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)တွင် အသင်းသားပေါင်း ၁၇၀၀ ကျော်ရှိပြီး နေ့စဉ် အသင်းသား ၂၀၀ ကျော် အဝင်အထွက်ရှိကြောင်းသိရသည်။ “ကျန်းမာရေးက ကူးစက်မြန်ဖြစ်နေရချိန်မှာ အဓိကအားဖြင့် ကျနော်တို့ဒိုင်ကနေများ ကူးစက်လာခဲ့မယ် ဆိုရင်ကျန်တဲ့ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ကျန်တဲ့နေရာတွေမှာပါ ပိုပြီး ဆိုးရွားသွားမှာ စိုးရိမ်လို့ ကာကွယ် တဲ့အနေနဲ့ ပိတ်ရတာပေါ့၊ ကျနော်တို့မှာ စီးပွားရေး အဓိကလား၊ ကျန်းမာရေး အဓိကလားလို့ မေးရင်တော့ စီးပွားရေးနဲ့ နှယ်တဲ့ ကျန်းမာရေးကို အဓိက ထားပြီးတော့ ကျန်းမာရေးကို ဦးစားပေးခဲ့တာပေါ့၊ စီးပွားရေး က ဘယ်အချိန် ပြန်ရှာရှာ ရှာလို့ရတယ်လေ”ဟု ယင်းက ဆက်လက် ပြောသည်။

မန္တလေးကုန်စည်ဒိုင်သို့ ကုန်စည်စီးဆင်းမှုအနေဖြင့် အထက်မြန်မာပြည်မှအဓိကဖြစ်သော်လည်း အောက် မြန်မာပြည်ကလည်း စီးဆင်းမှုရှိပြီး ယခုရာသီသည် ကုန်စည်ဒိုင်သို့ ကုန်စည်အဝင်အထွက်လည်း နည်းပါးကြောင်း၊ မန္တလေးကုန်စည်ဒိုင် ယာယီပိတ်သိမ်းထားသော်လည်း ကုန်စည်ရောင်းဝယ်မှုကို မိမိတို့နေအိမ်မှ အရောင်းအဝယ်ပြုလုပ်လိုလျှင် Viber Group သို့ဝင်ရောက်ပြီးအရောင်းအဝယ်ပြုလုပ်နိုင်ရန် စီစဉ်ပေးထားကြောင်းသိရသည်။ “ကုန်စည်စီးဆင်းမှုအတွက်ကတော့ Facebook Page နဲ့ Viber Group မှာပါ နေ့စဉ်အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းတွေကို တင်ပေးသွားမှာပါ၊အဓိကကုန်စည် စီးဆင်းမှု ရပ်တန့်မသွားအောင်ပေါ့နော်၊ ကုန်စည်ဆိုတာကတော့ ဈေးနိမ့်တဲ့နေရာကနေ ဈေးမြင့်တဲ့နေရာကို စီးဆင်းရတာဖြစ်တဲ့အတွက် ကျနော်တို့ဒိုင်နဲ့က တစ်နိုင်ငံလုံးနဲ့ ချိတ်ဆက် ရှိပါတယ်”ဟု ၎င်းကဆိုသည်။

မန္တလေးကုန်စည်ဒိုင် ပြန်လည်ဖွင့်လှစ်မည့်ရက်ကို Facebook Page၊ Viber Group နှင့် အသင်းတိုက်သင်ပုန်းတို့တွင် ကြေညာပေးသွားမည်ဖြစ်ပြီး ယာယီပိတ်သိမ်းထားချိန်တွင် အသင်းတိုက်ရှေ့မျက်နှာစာဖြစ်သော ၈၆ လမ်း၊ ၃၂ နှင့် ၃၃ လမ်းကြားအတွင်း အရောင်းအဝယ်လုံးဝမပြုလုပ်ကြရန်လည်း မေတ္တာရပ်ခံထားသည်။

**Source:** https://pyimyanmarnews.com/tyolyp/

## တာချီလိတ်မှထိုင်းနိုင်ငံဘက်သို့ ကုန်စည်သယ်ယူပို့ဆောင်လိုသည့်ယာဉ်များ လျှောက်ထားနိုင်ရန် ခေါ်ယူလျက်ရှိ

တာချီလိတ်မှ နယ်စပ်ဖြတ်ကျော်၍ ထိုင်းနိုင်ငံဘက်သို့ ကုန်စည်သယ်ယူပို့ဆောင်လိုသည့် မော်တော်ယာဉ်များ လျှောက်ထားနိုင်ကြောင်း တာချီလိတ်ခရိုင်စီမံခန့်ခွဲမှုကော်မတီက စက်တင်ဘာလ ၁၈ ရက်တွင် ကြေညာထားကြောင်းသိရသည်။ “ ထိုင်းဘက်နဲ့ညှိနှိုင်းထားခြင်း မရှိသေးပါဘူး၊ အကယ်၍လိုအပ်လာရင် လုပ်ငန်းလုပ်လိုသူတွေ လုပ်ဆောင်နိုင်ဖို့အသိပေး ကြေညာထားတာပါ။”ဟု တာချီလိတ်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်ကပြောသည်။ အဆိုပါလျှောက်ထားမှုကို တာချီလိတ်ခရိုင်ရှိ မော်တော်ယာဉ်များ သာမက မည်သည့် ယာဉ်မဆို အသိပေးချက်ပါ အချက်အလက်များ ပြည့်စုံစွာဖြင့် လျှောက်ထားနိုင်ကြောင်း ၎င်းကပြောသည်။ တာချီလိတ်မြို့နယ်မှ ထိုင်းနိုင်ငံ၊ မယ်ဆိုင်မြို့သို့ ကုန်စည် သယ်ယူ ပို့ဆောင်ရန် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေး တံတား ဖြတ်သန်းခွင့်အား လတ်တလောကာလ၌ COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို

ထိန်းချုပ်နိုင်ရေးအတွက် နှစ်နိုင်ငံလုံးမှ မော်တော်ယာဉ် ၆ စီးဖြင့်သာ ဖြတ်သန်းခွင့်ပြု ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ မြန်မာလိုင်စင်နံပါတ် ၆ စီးအပြင် ထပ်မံ၍ ကုန်စည်သယ်ယူ ပို့ဆောင်လိုသည့် မော်တော်ယာဉ်များ ရှိပါက ယာဉ်လိုင်စင်နှင့် ယာဉ်ပိုင်ဆိုင်မှု အထောက်အထား၊ လုပ်ငန်းလိုင်စင်၊ ယာဉ်မောင်းနှင်မည့်သူ၏ လိုင်စင်၊ ယာဉ်၏ ဝဲ/ယာ၊ ရှေ့/နောက် ဓာတ်ပုံများဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ စက်တင်ဘာလ ၂၁ ရက်မှ စတင်၍ ရုံးချိန်အတွင်း သတင်းပို့လာရောက် လျှောက်ထားနိုင်ကြောင်း ယင်းကြေညာချက်တွင် ပါရှိသည်။ “သူတို့ဘက်(ထိုင်း)က လာရင် ဆိုင်ကယ်ရော ကားရောဘာမှတ်ပုံတင်တာမှ မရှိဘဲ ဖြတ်သန်းခွင့်ပဲ ကောက်ခံတယ်။ သူတို့ဘက်ကိုသွားရင်တော့ သူတို့ဆီမှာမှတ်ပုံတင်ထားတဲ့ ကားကိုပဲ လက်ခံတဲ့အပြင် သတ်မှတ်ချက်နဲ့ ငွေကောက်ခံမှုတွေလည်းရှိတယ်။ မြန်မာဘက်က ၆ စီးပဲ မှတ်ပုံတင်ထားတာဖြစ်လို့ နောက်ပိုင်းမှာ သွားလာနိုင်ဖို့ စီမံတာပါ။ သူတို့ကားတွေလည်း ဒီဘက်(မြန်မာ)မှာ မှတ်ပုံတင်ပြီးမှ ခွင့်ပြုသွားဖို့အစီအစဉ်ရှိတယ်” ဟု ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံစံခတ်ကပြောသည်။

တာချီလိတ်နှင့် မိုင်းဆတ်ခရိုင်အနေဖြင့် ထိုင်းနိုင်ငံကုန်စည်များအပေါ်တွင် ၇၀ ရာခိုင်နှုန်းမျှ မှီခိုနေသသော်လည်း (မြန်မာ) ပြည်မဘက်ကိုအားထား၍ သုံးစွဲမှုပြန်လည်ပြုလုပ်ပါက ယင်းအခြေအနေမှာ ပြောင်းလဲသွားနိုင်ကြောင်း မြန်မာ-ထိုင်း နယ်စပ်နေ နိုင်ငံရေးအကျဉ်းသားဟောင်း တစ်ဦးထံမှသိရသည်။ “ကုန်ဈေးနှုန်းတက်မှာကိုတော့ စိုးရိမ်ကြတာတွေရှိတယ်၊ ဒါပေမဲ့ ပြည်မဘက်က အလျင်မီပို့ဆောင်နိုင်ရင် အခက်အခဲနည်းမှာပါ။ ရှမ်းပြည်နယ်အစိုးရကလည်း အခက်အခဲမရှိစေဖို့ လုပ်ဆောင်ပေးနေတယ်လို့သိရတယ်။ အဓိကက လမ်းခရီးမှာနှောင့်နှေးမှုတွေ မဖြစ်စေဖို့တော့လိုပါတယ်။” ဟု ရှမ်းပြည်နိုင်ငံရေး အကျဉ်းသားဟောင်းဖြစ်သူ ဦးမင်းမင်းဇော်က ကမ္ဘောဇတိုင်းသို့ပြောသည်။

ထိုင်းနိုင်ငံအတွင်းရှိ မြန်မာနိုင်ငံသားများ၏ပြောကြားချက်အရ လက်ရှိတွင် ထိုင်းဘက်အခြမ်း၌ စက်သုံးဆီတင်ယာဉ် ၆၀၀ ခန့်ရပ်တန့်ထားရကြောင်းနှင့် လက်ရှိကုန်သွယ်မှုအခြေအနေကြောင့် ထိုင်းနိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ ၂ သိန်းခွဲခန့် ဆုံးရှုံးနေရသည်ဟု ထိုင်းမီဒီယာများက ဖော်ပြလျက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/kanbawzatai/

## ပြောင်းစိုက်ခင်းများ ဖြစ်ထွန်းသော်လည်း တွက်ခြေမကိုက်ဖြစ်နေ



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စုကျေးရွာများမှ ပြောင်းဖူးစိုက်ခင်းများ ဖြစ်ထွန်းသော်လည်း တွက်ခြေမကိုက်ကြောင်း ပြောင်းဖူးစိုက်တောင်သူ ဦးဝင်းတင်ထံမှသိရသည်။ ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စု ကျေးရွာများသည် မြေအောက်ရေဖြင့်စိုက်ပျိုးသည့် သကြားပြောင်းဖူး၊ အစေးပြောင်းဖူးခင်းများဖြစ်ထွန်းလျက်ရှိကာ အဆိုပါစိုက်ခင်းများမှ ထွက်ရှိသည့် ပြောင်းဖူးများကို အနီးအနားမြို့များသို့သာ ရောင်းချနေရခြင်းကြောင့် ပြောင်းဖူးများပြားနေပြီး ဈေးနှုန်းမရ ဖြစ်နေကြောင်းသိရသည်။

ပြောင်းဖူးစိုက်ပျိုးကြရာတွင် အချိန်နှစ်လခွဲဖြင့် ငွေအမြန်ပေါ်သော်လည်း ကိုဗစ်-၁၉ ကူးစက် ရောဂါ ကာလတွင် ပြောင်းဖူးစိုက်တောင်သူများ ပြောင်းဖူးရောင်းချချိန် တစ်ဖူးငွေကျပ် ၈၀ သာ ရောင်းချရခြင်းကြောင့် တွက်ခြေမကိုက်ဖြစ်နေကြကြောင်း ဦးဝင်းတင်ကရှင်းပြသည်။

**Source:** https://www.facebook.com/TheMirrorDaily/ ,

https://pyimyanmarnews.com/tyolyp/

## လက်ဖျားငွေသီးအောင် ရွှေကိုရင်းနှီးမြှုပ်နှံဖို့ စင်္ကာပူရွှေအရောင်းအဝယ်ကုမ္ပဏီဆော်ဩ

စင်္ကာပူအဖိုးတန်သတ္တုရောင်းဝယ်ရေးကုမ္ပဏီဖြစ်တဲ့ Singapore Precious Metals Exchange (SGPMX) က ကပ်ရောဂါကာလအတွင်းမှာ ကျွမ်းကျင်ရင်းနှီးမြှုပ်နှံသူတွေ သို့မဟုတ် လူကုံထံ အသိုင်းအဝိုင်းတွေအနေနဲ့ ရွှေတုံးရွှေချောင်းတွေဝယ်ယူပြီး ရင်းနှီးမြှုပ်နှံဖို့ဆော်ဩလျက်ရှိပါတယ်။



အဆိုပါအဖိုးတန် ရွှေသတ္တုပစ္စည်းတွေကို သင့်တော်တဲ့ဈေးနှုန်းတွေနဲ့ ဖုန်းအက်ပလီကေးရှင်းကတစ်ဆင့် ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ SD ကဒ်အရွယ်အစား ပါးလွှာတဲ့ရွှေပြားတစ်ဂရမ်ကို အမေရိကန်ဒေါ်လာ ၇၀ ဝန်းကျင်လောက်နဲ့ ဝယ်ယူနိုင်မှာဖြစ်ပြီး ငါးဂရမ်၊ ၁၀ ဂရမ်၊ ၅၀ ဂရမ်နဲ့ ၁၀၀ ဂရမ်အလေးချိန်အသီးသီးရှိတဲ့ ရွှေချောင်းတွေကိုလည်း ရရှိနိုင်တယ်လို့ဆိုပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် ပြည်ပဖောက်သည်အများစုအတွက် အဟန့်အတားဖြစ်နေပေမယ့် ခါတိုင်းလိုပုံမှန်ရောင်းဝယ်မှုရှိနေပြီး အထူးသဖြင့် ဂျပန်တွေက ရင်းနှီးမြှုပ်နှံဖို့အတွက် စိတ်အားထက်သန်နေတယ်လို့ဆိုပါတယ်။

ကုမ္ပဏီရဲ့ စီအီးအိုဖြစ်တဲ့ Victor Foo က "လွန်ခဲ့တဲ့ဆယ်စုနှစ်က လုပ်ငန်းစတဲ့အချိန်မှာ ပိုက်ဆံရှိတဲ့ လူကုံထံအုပ်စုတွေကို ဆွဲဆောင်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ရည်မှန်းချက်က ဈေးကွက်ကြီးဆီအထိ ရောက်ဖို့ပါ။ ဒါကြောင့် ကျွန်တော်တို့ ပထမဆုံး လူတွေကို တစ်ဂရမ်လောက်ရှိတဲ့ ရွှေချောင်းတွေနဲ့ ရွှေတိုရွှေစလေးတွေ စုစေခဲ့ပါတယ်။ ရွှေစုတဲ့လူတွေများလာတာတွေ့ရပါတယ်။ လူအများစုက ခရီးမသွားနိုင်ကြတဲ့အတွက် ရင်းနှီးမြှုပ်နှံဖို့ တခြားနည်းလမ်းတွေ ရှာဖွေနေကြတာပါ။ ဩဂုတ်လမှာတော့ ရွှေဈေးက အမေရိကန်ဒေါ်လာ ၂၀၀၀ ကျော်ထိခုန်တက်ခဲ့တယ်။ တချို့ဖောက်သည်တွေက အမြတ်ရဖို့ဆက်ပြီးရင်းနှီးမြှုပ်နှံလာတယ်။ တချို့ကလည်း ရွှေတွေဆက်ဝယ်လာကြပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်းမှာလည်း ကျွန်တော်တို့အရောင်းအဝယ်ကို သက်ရောက်မှုမရှိခဲ့ပါဘူး။ အရောင်းတွေတက်နေခဲ့ပါတယ်"လို့ဆိုပါတယ်။ ရင်းနှီးမြှုပ်နှံသူအများစုက ဥရောပနဲ့အမေရိကဖြစ်ပေမယ့် လာမယ့်နှစ်တွေမှာ အာရှနိုင်ငံတွေကလည်းရှိလာနိုင်တယ်လို့ Foo ခန့်မှန်းထားပါတယ်။

အနုပညာလက်ရာတွေနဲ့ ကမ္ဘာတစ်လွှားက အဖိုးတန်ပစ္စည်းတွေသိုလှောင်ရာဖြစ်တဲ့ လေဆိပ်အနီးက လုံခြုံစိတ်ချရတဲ့ Le Freeport မှာ ရွှေတုံးရွှေချောင်းတွေကို သိုလှောင်ထားတာဖြစ်ပါတယ်။ အာရှနိုင်ငံအတော်များများမှာ ရွှေကိုလူကြိုက်များပေမယ့် ရွှေချောင်း ၊ ရွှေဒင်္ဂါးပုံစံထက်စာရင် အထူးအခမ်းအနားတွေမှာ လက်ဆောင်အဖြစ်ပေးဖို့ လက်ဝတ်ရတနာပုံစံနဲ့သာ ဝယ်ယူလေ့ရှိကြပါတယ်။

**Source:** https://www.mizzimaburmese.com/article/73622

## တရုတ်နိုင်ငံ Huawei ကုမ္ပဏီအပေါ် အမေရိကန်နိုင်ငံ၏ Sanctions ပိတ်ဆို့မှုသည် တောင်ကိုရီးယား ထိပ်တန်းနည်းပညာကုမ္ပဏီကြီးများကိုပါ သက်ရောက်လာနိုင်မည့်အခြေအနေ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ဆက်သွယ်ရေးကုမ္ပဏီကြီးဖြစ်သော Huawei ကုမ္ပဏီ အပေါ် အမေရိကန်ပြည်ထောင်စုမှ ပိတ်ဆို့မှု (Sanctions )များ ထပ်တိုးဆောင်ရွက်ခဲ့ပြီး ယင်းသည် (၁၅-၉-၂၀၂၀) ရက်နေ့မှ စတင်အသက်ဝင်မည်ဖြစ်ရာ အကျိုးဆက်အနေဖြင့် တောင်ကိုရီးယား ထိပ်တန်းနည်းပညာကုမ္ပဏီကြီးများဖြစ်သော Samsung Electronics Co., Ltd. နှင့် SK Hynix Inc. တို့အပေါ်တွင် ထိခိုက်မှုရှိလာမည်ဖြစ်ပါသည်။

ဝါရှင်တန်၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အမေရိကန်ပြည်ထောင်စု၏ပစ္စည်းကိရိယာများ၊ Software နှင့် Design များဖြင့်ပြုလုပ်သည့် Semiconductors များကို Huawei ကုမ္ပဏီသို့ ရောင်းချခွင့်မပြုသည့် တားမြစ်ပိတ်ဆို့မှုအသစ်ကို အမေရိကန်နိုင်ငံက ချမှတ်လိုက်ပြီး၊ ယင်းသည် (၁၅-၉-၂၀၂၀) ရက်နေ့မှ စတင်အသက်ဝင်မည်ဖြစ်ရာ ကမ္ဘာ့အကြီးဆုံး Memory Chips များထုတ် လုပ်သည့် တောင်ကိုရီးယားကုမ္ပဏီကြီးများဖြစ်သော Samsung Electronics Co., Ltd. နှင့် SK Hynix Inc. တို့အပါအဝင် အခြားသော ကမ္ဘာ့နည်းပညာ Hardware ကုမ္ပဏီများအနေဖြင့် လာမည့် ရက်သတ္တပတ်မှစတင်၍ Semiconductors/ Memory Chips များအရောင်းရပ်ဆိုင်းသွားရမည့် အခြေအနေဖြစ်ပြီး၊ အမေရိကန်ပြည်ထောင်စု၏ ခွင့်ပြုချက်ရရှိပြီးမှသာ ရောင်းချခွင့် ရရှိမည်ဖြစ်ပါ သည်။ အကြောင်းရင်းမှာ Chips ထုတ်လုပ်မှုကဏ္ဍအားလုံးနီးပါးတွင် Design ပိုင်းမှသည် Production

ထုတ်လုပ်သည်အထိ အမေရိကန်၏နည်းပညာများကို အများစု အသုံးပြုနေကြရခြင်း ကြောင့်ဖြစ်ပါသည်။

Huawei ကုမ္ပဏီသည် Samsung Electronics Co., Ltd. ၏ ထိပ်တန်းကုန်သွယ်ဖက် (၅)ဦး စာရင်းတွင် တစ်ခုအပါအဝင်ဖြစ်ပြီး၊ SK Hynix Inc. မှ စုစုပေါင်းရောင်းချမှု၏ (၁၀) ရာခိုင်နှုန်း ကိုနေရာယူထားသည့် ကုမ္ပဏီလည်းဖြစ်ပါသည်။ ယခုကဲ့သို့ အမေရိကန်၏ Huawei ကုမ္ပဏီအပေါ် ပိတ်ဆို့မှုသည် Samsung Electronics Co., Ltd. နှင့် အခြားသောနည်းပညာဆိုင်ရာ လုပ်ငန်းစု များအပေါ်ကာလတိုတွင် သက်ရောက်မှုပြင်းထန်စွာရှိနိုင်သော်လည်း ရေရှည်အတွက် ကြီးမားသည့်သက်ရောက်မှု မရှိနိုင်ဟု စောင့်ကြည့်သူများက သုံးသပ်လျက်ရှိကြပါသည်။

ဤအခြေအနေက ရေရှည်တွင် Samsung Electronics Co., Ltd. အတွက် Smart Phone ဈေးကွက်တွင် Huawei နှင့် ကွာဟမှုကို ပိုမိုကျယ်ပြန့်လာစေနိုင်ပြီး၊ တရုတ်နိုင်ငံ၏ 5G Sector တွင်လည်း တရုတ်ကုမ္ပဏီများနှင့် Samsung အား ပိုမိုတွေ့ဆုံလာနိုင်မည့် အခွင့်အလမ်းကို ရရှိနိုင်စေမည်ဖြစ်သဖြင့် အမေရိကန်၏ ဤမူဝါဒပြောင်းလဲမှုကရေရှည်တွင် Samsung Electronics Co., Ltd. အတွက် ပိုမိုအကျိုးရှိလာနိုင်မည်ဟုလည်း နည်းပညာအသိုက်အဝန်းက သုံးသပ်လျက်ရှိ ကြပါသည်။

**Source: The Korea Times**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဆိုးလ်မြို့**

## အရည်အသွေးမီ မြန်မာ့ကော်ဖီများ ဂျပန်နိုင်ငံ၏ Muji ကုန်တိုက်များတွင်သာမက အင်တာနက်မှပါ စက်တင်ဘာ တတိယအပတ်မှ စတင်ရောင်းချပေးမည်ဖြစ်

မြန်မာနိုင်ငံတောင်ပိုင်း ရှမ်းပြည်နယ်ရှိ ကော်ဖီစိုက်ပျိုးသူ တောင်သူများ၏ဘဝ ရေရှည်တည်တံ့စေရေး ပံ့ပိုးဆောင်ရွက်မှုတစ်ခုအနေဖြင့် ဂျပန်နိုင်ငံတွင် လူသုံးကုန်နှင့် စားသောက်ကုန်များ လက်လီရောင်းချသည့် Muji ကုန်တိုက်က ရှမ်းပြည်နယ်မှ ထွက်ရှိသည့် မြန်မာ့ကော်ဖီစေ့များကို စက်တင်ဘာလ တတိယပတ်အတွင်း၌ စတင်ရောင်းချမည်ဟုသိရပါသည်။

ဂျပန်နှင့်အခြားပြည်ပနိုင်ငံများတွင် Muji ကုန်တိုက်များကို ဖွင့်လှစ်ဆောင်ရွက်နေသည့် Ryohin Keikaku Co., Ltd., သည် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်ရှိ Arabica ကော်ဖီစိုက်တောင်သူများနှင့် စုပေါင်းဖွဲ့စည်းထားသည့် The Green Gold Cooperative နှင့်အတူ အကျိုးတူပူးပေါင်းဆောင်ရွက်ကာ အရည်အသွေးမြင့် မြန်မာ့ကော်ဖီစေ့များကို စိုက်ပျိုးထုတ်လုပ်နေပါသည်။

လာမည့်စက်တင်ဘာလ ၂၃ ရက်နေ့မှစတင်ကာ “Myanmar Coffee Beans” ဟု အမည်တပ်ထားသည့် ကော်ဖီစေ့များကို ဂျပန်နိုင်ငံအတွင်းရှိ Muji ကုန်တိုက် ၃၉ ခုတွင်သာမက အင်တာနက်တွင်ပါ ကြော်ငြာရောင်းချသွားမည်ဖြစ်ကြောင်း သိရပါသည်။ The Green Gold Cooperative သည် ရှမ်းပြည်နယ်ရှိ ကော်ဖီစိုက်တောင်သူ ၉၀၀ ခန့်နှင့် စုဖွဲ့ ထားသည့် ၂၀၁၅ ခုနှစ်တွင် စတင်ဖွဲ့စည်းထားသည့် သမဝါယမအစုအဖွဲ့တစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံ တော်အစိုးရနှင့် United Nations Office on Drugs and Crime (UNODC) တို့၏ ကူညီပံ့ပိုးမှုဖြင့် ဒေသခံတောင်သူများကို မိရိုးဖလာဘိန်းစိုက်ပျိုးမှုနှင့် အသက်မွေးဝမ်းကျောင်းပြုနေမှုကို အဆုံးသတ်ပြီး အကျိုးရှိသည့် ဘိန်းအစားထိုးသီးနှံ ကော်ဖီစိုက်ပျိုးရေးကို အကောင် အထည်ဖော်နိုင်ခဲ့ပါသည်။

အဆိုပါသမဝါယမအစုအဖွဲ့သည် ယခင်ကဘိန်းစိုက်ပျိုးခဲ့သည့် စိုက်ခင်းများနေရာတွင် ရာသီအလိုက် အလှည့်ကျစိုက်ပျိုးကြသည့် ဘိန်းအစားထိုးသစ်သီးစိုက်ခင်းများ၏ ဘေးတလျှောက်တွင် Arabica ကော်ဖီမျိုးကို စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရပါသည်။ ပင်လယ်ရေမျက်နှာပြင်မှ မြေမျက်နှာသွင်ပြင်အမြင့် ၁၀၀၀ မီတာမှ ၁၈၀၀ မီတာအကြား ရှိသည့် ရှမ်းပြည်နယ်ရှိ မြင့်မားသည့် တောင်ကုန်းဒေသများ၏ ရာသီဥတုသည် အရည်အသွေးမြင့်ကော်ဖီနှင့် ဘယ်ရီသီးများစိုက်ပျိုးထုတ်လုပ်ရန် အတွက် အထူးသင့်လျော်လှပါသည်။

ရှမ်းပြည်နယ်မှ ထွက်ရှိသည့်ကော်ဖီကို ဥရောပနိုင်ငံများသို့ အများဆုံးတင်ပို့နေပါကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု အားလုံး၏ ၈၅ % ကို တင်ပို့နေပြီး ၂၀၁၈ ခုနှစ်မှစတင်၍ ၎င်းတို့ဝယ်လိုအား ကျဆင်း လာခဲ့ပါကြောင်း၊ ကျန်သည့် ၁၅ % ကို ပြည်တွင်းဈေးကွက်သို့ ဖြန့်ဖြူးနေပါကြောင်း၊ ဂျပန်နိုင်ငံသည် ဒုတိယမြောက် ပို့ကုန်ဈေးကွက်ဖြစ်ပါကြောင်း၊ လက်ရှိတွင် ကနဦးအစပျိုးကာစဖြစ်၍ ပမာဏမှာ မများပြားလှသော်လည်း ဂျပန်နိုင်ငံဈေးကွက်ကို ပိုမိုချဲ့ထွင်ကာ ရေရှည်လက်တွဲ

ဆောင်ရွက်ရန် မျှော်လင့်ပါကြောင်းဟု The Green Gold Cooperative ၏ အထွေထွေမန်နေဂျာဖြစ်သူ ဦးစိုင်းဟန်မျိုးအောင်က ဆိုပါသည်။

လက်ရှိ၌ Ryohin Keikaku Co., Ltd., အနေဖြင့် မြန်မာ့ကော်ဖီကို ပမာဏအနည်းငယ်သာ ဝယ်ယူနေသော်လည်း ၎င်းတို့အနေဖြင့် မြန်မာ့ကော်ဖီအရည်အသွေးကို လွန်စွာကျေနပ်သဘောကျကြောင်းသိရပါသည်။ အခြားသော ကော်ဖီမျိုးများထက် မြန်မာ့ကော်ဖီစေ့က အရွယ်အစားသေးငယ်သော်လည်း အနံ့အရသာအဆင့်အတန်းမှာ အတူတူပင်ဖြစ်သည်ဟု ဆိုပါသည်။ Muji ကုန်တိုက်တွင် မြန်မာ့ကော်ဖီစေ့များကို ၂၀၀ ဂရမ်တစ်ထုပ်လျှင် ယန်း – ၉၉၀ နှုန်းဖြင့် ရောင်းချသွားမည်ဟုသိရပါသည်။

Ryohin Keikaku Co., Ltd., က ၎င်းတို့ မြန်မာနိုင်ငံသို့ သွားရောက်ပြီး ကော်ဖီစိုက်တောင်သူများနှင့် တွေ့ဆုံစဉ်က အရွယ်အစားသေးငယ်သည့် ကော်ဖီစေ့များသည် ပြည်ပသို့တင်ပို့နိုင်ခြင်းမရှိဘဲ ဈေးနိမ့်နိမ့်ဖြင့် ပြည်တွင်း၌သာ ရောင်းချနိုင်သည်ဟု သိခဲ့ရပါကြောင်း၊ အဆိုပါတောင်သူများ၏ ကော်ဖီအမျိုးအစားမှာ အရသာကောင်းမွန်လှသော်လည်း ပြည်ပတင်ပို့ရာတွင် ကော်ဖီစေ့အရွယ်အစား ကြီးမားမှုကိုနှစ်သက်သည့် ဝယ်သူအကြိုက်နှင့် အကိုက်ညီဘဲ အခက်အခဲများရင်ဆိုင်နေရသည်ကို သိရှိခဲ့ရကြောင်း ဆိုပါသည်။

ထို့သို့ ရှမ်းပြည်နယ်မှ ကော်ဖီစိုက်တောင်သူများ၏ အခက်အခဲများကို သဘောပေါက်နားလည်ပြီး Ryohin Keikaku Co., Ltd., က ၎င်းတို့၏ဝင်ငွေကိုမြှင့်တင်ရန်သာမက ဘိန်းသီးနှံစိုက်ပျိုးခြင်းမှ ကော်ဖီစိုက်ပျိုးခြင်းသို့ ပြောင်းလဲ လုပ်ကိုင်နိုင်စေရန်အတွက် ပံ့ပိုးပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။

The Green Gold Cooperative က ၂၀၁၉ ခုနှစ်တွင် ကော်ဖီတန်ချိန် ၁၀၀ ခန့် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ကြောင်း သိရပါသည်။

**Source: NNA Business News (Kyodo News Group)**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်**

## ကြက်သွန်နီ ပြည်ပတင်ပို့မှုအား အိန္ဒိယအစိုးရက တားမြစ်ကန့်သတ်လိုက်ခြင်း

အိန္ဒိယနိုင်ငံ၊ မဟာရဋ္ဌပြည်နယ်၊ နာရှစ်ခရိုင်ရှိ အဓိကကုန်စည်ဒိုင်ကြီးများ၌ ကြက်သွန်နီလက္ကားဈေးနှုန်းများမှာ ရက်သတ္တနှစ်ပတ်အတွင်း နှစ်ဆမျှမြင့်တက်လာခဲ့ပြီးနောက် အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသည် ပို့ကုန်မူဝါဒဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၅-၂၀ ကို ၁၄.၉.၂၀၂၀ နေ့၌ထုတ်ပြန်၍ တန်ဖိုးမြှင့်ပြုပြင်ထုပ်ပိုးထားသည့် ကုန်စည်မှအပ ကြက်သွန်နီ အမျိုးအစားများအားလုံးကို ပြည်ပသို့တင်ပို့ခြင်းအား တားမြစ်ပိတ်ပင်လိုက် ပါသည်။

အိန္ဒိယနိုင်ငံရှိ ပြည်နယ်အချို့တွင် ဩဂုတ်လနှောင်းပိုင်းကာလ၌ မိုးသည်းထန်စွာ ရွာသွန်းလျက် ရေကြီးမှုများကြောင့် သီးနှံစိုက်ခင်းများ ထိခိုက်ခြင်း၊ မုတ်သုံဆုတ်ခွာမှု နောက်ကျခြင်းကြောင့် ရိတ်သိမ်းချိန်ရာသီ၌ ပတ်ဝန်းကျင်စိုထိုင်းဆ မြင့်မားခြင်းတို့က မိုးသီးနှံ ကြက်သွန်နီ စိုက်ပျိုးထွက်ရှိမှုလျော့ကျလျက် ပြည်တွင်းဈေးကွက်၌ ဈေးနှုန်းများမြင့်တက်မှုကို ဖြစ်ပေါ်စေ ဖွယ်ရာရှိနေပါသည်။

အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ ကာနာတကာပြည်နယ်နှင့် အန္ဒြာပရာဒေ့ရှ် ပြည်နယ်တို့၌ မိုးဦးကာလ၌စိုက်ပျိုးသည့် ကြက်သွန်နီများမှာ ရိတ်သိမ်းချိန်ကာလတွင် ရေကြီးမှုများကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ပုံမှန်အားဖြင့် ဇူလိုင်လမှ စက်တင်ဘာလအတွင်း ၎င်းဒေသများမှထွက်ရှိသည့် ကြက်သွန်နီများအား ပြည်တွင်းရှိဈေးကွက်များသို့ တင်ပို့လေ့ရှိသော်လည်း ယခုနှစ်၌ သိုလှောင်ထားရှိသည့် မိုးကြက်သွန်နီများ၏ ၃၀% မှ ၄၀% အထိ ပျက်စီးခဲ့သဖြင့် ထုတ်လုပ်မှု ကွင်းဆက်ကို ပျက်ယွင်းမှုဖြစ်စေခဲ့ကြောင်းဖြင့် India Times သတင်းဌာနက ဖော်ပြ ပါသည်။

သို့ရာတွင် မဟာရဋ္ဌပြည်နယ်ရှိ ကြက်သွန်နီ ကုန်သည်များကမူ အဆိုပါပြည်နယ်နှစ်ခု၌ ထုတ်လုပ်မှုလျော့ကျသော်လည်း ပြည်တွင်း၌ ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် လုံလောက်သည့်ပမာဏရှိကြောင်း၊ ကြက်သွန်နီလက္ကားဈေးနှုန်းမြင့်တက်သည်ဟုဆိုရာတွင် နာရှစ်ဒေသရှိ Pimpalgaon ဈေးကွက်၌သာ မြင့်တက်ခြင်းဖြစ်ကြောင်း၊ ဒေလီမြို့တော်ဈေးကွက်၌ နာရှစ်ဒေသထွက်ကြက်သွန်နီ၏ ဈေးနှုန်းမှာ မူလဒေသ၌ ရောင်းဈေးထက်ပင် နိမ့်ကျနေသည်ကို

တွေ့ရှိရကြောင်းနှင့် ထိုသို့လက္ကားဈေးနှုန်းမြင့်တက်မှုမှာ ကုန်သည်အချို့၏ သိုလှောင်ဈေးကစားမှုများ ကြောင့်သာဖြစ်ကြောင်းဖြင့် ပြောဆိုလျက်ရှိသည်။

ဗဟိုအစိုးရက ကြက်သွန်နီပြည်ပတင်ပို့မှုအား တားမြစ်သည့်အမိန့်ထုတ်ပြန်ခဲ့မှုအပေါ် ၁၆.၉.၂၀၂၀ နေ့တွင် မဟာရဋ္ဌပြည်နယ်ရှိ မြို့ကြီးများ၌ ဒေသခံကုန်သည်များက ဆန့်ကျင်ဆန္ဒပြမှုများကို ပြုလုပ်ခဲ့ကြပြီး ဝန်ကြီးချုပ် Mr. Uddhav Thackeray က ၎င်းအနေဖြင့် ကြက်သွန်နီ ပြည်ပတင်ပို့မှု တားမြစ်ပိတ်ပင်ခြင်းအား ပြန်လည်ဖယ်ရှားပေးရန် ဗဟိုအစိုးရထံသို့ စာရေးသားပေးပို့ တောင်းဆိုမည်ဖြစ်ကြောင်းဖြင့် ထိုနေ့တွင်ကျင်းပသည့် မဟာရဋ္ဌပြည်နယ် အစိုးရအဖွဲ့၏ အစည်းအဝေး၌ ပြောဆိုပါသည်။ ပြည်ပတင်ပို့မည့် ကြက်သွန်နီ တန်ချိန် ၄ သိန်းခန့်မှာ မွန်ဘိုင်းမြို့ရှိ ဂျဝါဟာလာနေရူးဆိပ်ကမ်း၌ ဆိုင်းငံ့ထားရပြီး နီပေါနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငအနီးရှိ နယ်စပ်ဂိတ်များတွင်လည်း ကြက်သွန်နီကုန်တင်ကား အစီးရေ ၅၀၀ ခန့်မှာ ပိတ်မိနေ သည်ဟု မဟာရဋ္ဌပြည်နယ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး Mr. Eknath Shinde ကပြောကြား ကြောင်း Economic Times သတင်းဌာနက ဖော်ပြပါသည်။

အိန္ဒိယအစိုးရ၏ ကြက်သွန်နီပြည်ပတင်ပို့မှု တားမြစ်သည့် အမိန့်ထုတ်ပြန်ပြီးခဲ့နောက် ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင် ကြက်သွန်နီဈေးနှုန်းများမှာ ၅၀% ကျော် မြင့်တက်ခဲ့ကြောင်း၊ ဒါကာမြို့ တွင် ၁၄.၉.၂၀၂၀ နေ့၌ ကြက်သွန်နီ ၁ ကီလိုလျှင် တာကာငွေ ၆၀ ခန့်ရှိရာမှ နောက်တစ်ရက်တွင် တာကာငွေ ၉၀ မှ ၁၀၀ အထိ မြင့်တက်လာကြောင်း Hindu Businessline သတင်းဌာန၏ ဖော်ပြချက်အရ သိရှိရပါသည်။ အိန္ဒိယအစိုးရ၏ ပြည်တွင်း၌ ဈေးနှုန်းတည်ငြိမ်ရေး ဆောင်ရွက်ချက်မှာ မလေးရှား၊ နီပေါနှင့်သီရိလင်္ကာတို့ကဲ့သို့ အိန္ဒိယမှကြက်သွန်နီတင်သွင်းနေရသည့် နိုင်ငံများရှိ ဈေးကွက်များသို့လည်း သက်ရောက်ဖွယ်ရာရှိနေပါသည်။

**Source:** **1. Onion prices spike in Bangladesh after India bans exports, 15 Sept 2020, The Hindu Businessline**

**2. Traders claim higher prices of onion could be a result of manipulation, 15 Sept 2020, Economic Times**

**3. Onion Prices Have Risen So Much That Govt Has Banned All Exports, 15 Sept 2020, India Times**

**4. Maharashtra government to write to Centre for onion export ban roll-back, 16 Sept 2020, Economic Times**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့**

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 18th Sep. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,800 | -100 | -1.01% | 9,900 | 9,900 | 9,800 | 249 | 2,455,100 | 27,112,747 | 265,705 |
| MTSH | 00002 | 3,650 | -50 | -1.35% | 3,700 | 3,700 | 3,650 | 664 | 2,449,800 | 38,929,150 | 142,091 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 21,500 | -1,000 | -4.44% | 22,000 | 22,000 | 21,500 | 418 | 9,119,000 | 2,472,053 | 53,149 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 52 | 140,400 | 12,823,224 | 34,623 |
| EFR | 00006 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 116 | 353,800 | 19,977,223 | 60,931 |


## Market summary

As of 18th Sep. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 429.92 | -4.79 | -1.10% | 433.88 | 433.88 | 429.92 | 1,499 | 14,518,100 | 6 | 639,707 |

### Index chart




## Market Overview

As of 12:30 pm, 21st Sep. 2020

| MYANPIX | 433.71 ▲ 3.79 |
|---|---|
| Total Volume (shares) | 1,128 |
| Total Value (MMK) | 7 mil |
| Listed Company | 6 |
| Market Cap. (MMK) | 645,335 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,900 | ▲ 100 |
| MTSH | 00002 | 3,650 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 100 |
| FPB | 00004 | 22,000 | ▲ 500 |
| TMH | 00005 | 2,750 | ▲ 50 |
| EFR | 00006 | 3,050 | ▲ 0 |

Acti
Go to